ကြမ္မဒတ်ခတ်ပုံ ဝတ္ထုသည် ရခိုင်ပြည်အနှံ့ တစ်ပိုင်းတစ်စ ရှိနေခဲ့သည်ကို စုစည်း၍ ရေးသားတင်ပြခြင်းသာ ဖြစ်ပါသည်။ ကြမ္မဒတ်မင်း (ကြမ္မတိုင်းစန္ဒြားမင်း)၏ ခတ်ခေါ် အိတ်ကုတင်ကို တစ်ညဥ့်တည်းနှင့် ၃၃ လုံးစေ့အောင်လှည့်သော ဗြာဟ္မဏရာဇာမင်းသည် ထိုနေ့တွင်ပင်လျှင် နစ်ရှာစံ၍ နတ်ပြည်တက်လေသည်။ ခတ်တက်ဝတ္ထု ၃၃ ပုံကို ပြောသော ဂေါန္တားသီလသည်လည်း ထိုနေ့တွင်ပင်လျှင် ယစ်ပူဇော်ခြင်းကို ခံယူ၍ ဘဝပြောင်းလေသည်။ ခတ်ပုံ ၃၃ ပုံကိုပြောသော ကြမ္မဒတ်မင်းကြီးသည်လည်း ထိုနေ့တွင်ပင်လျှင် နတ်ရှာစံ၍ ကံကုန်ကာ နတ်ပြည်တက်လေသည်။

ထို့အတွက် လူကြီးမိဘမှာခဲ့သည်ကား ကြမ္မဒတ်မင်း၏ ခတ်လှည့် ခတ်တတ် ခတ်ပုံတို့မှ တစ်ခုခုသော ၃၃ ပုဒ်ဝတ္ထုကို တစ်ညဥ့်တည်းနှင့်ဆုံးအောင်ပြောသော မည်သူမဆို အသက်သေဆုံးတတ်သည် သေဆုံးရမည်ဆိုသည့်အတွက် ပထမခတ်လှည့် ၁၀ ပုဒ် ခတ်တတ် ၁၀ ပုဒ်ခတ်ပုံ ၁၀ ပုဒ်ကိုသာလျှင် ဦးစွာပထမ ဖော်ပြရေသားပါမည်။ ဤစာမူကို လူအများ နားလည်လွယ်သော ရခိုင်လူမျိုးတို့၏ မိခင်ဘာသာစာဖြစ်သော မရမာဘာသာစာအရေးအသားဖြင့်သာလျှင် လုံ့လပြု၍ ရေးသားထားခြင်း ဖြစ်ပါသည်။ ရခိုင်လူမျိုးတို့၏ စာပေအနုလက်ရာများ ပြန်လည်ပေါ်ထွန်းလာနိုင်ပါစေသတည်း။

ဤစာအုပ်ဖြစ်မြောက်ရန်အတွက် အဘက်ဘက်မှ ကူညီအားပေးသူမှန်သမျှကို အထူးတလည် ကျေးဇူးတင်အပ်ပါသည်။

ဆရာဦးကျော်ခိုင် ရခိုင်ပြည်
ရခိုင်ဆျှန်းနှင့် နက္ခတ္တပေဒင်ပညာရှင်